# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ မိဘနှင့် အုပ်ထိန်းသူများထံ အကြောင်းကြားစာ

ကျောင်းအမည်
Name of school

လေးစားအပ်ပါသော မိဘနှင့် အုပ်ထိန်းသူများ

ကျွန်ုပ်တို့သည် ကျောင်း၌ ကျောင်းအသိုက်အဝန်း၏ ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုများကို တန်ဖိုးထားပြီး မတူကွဲပြားသော ရပ်တည်ချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ သဘောထားအမြင်များအား လေးစားမှုနှင့် နားလည်သဘောပေါက်မှုတို့ကို အားပေးမြှင့်တင်လျက်ရှိပါသည်။ အရှေ့အလယ်ပိုင်းဒေသတွင် မကြာသေးမီက ပဋိပက္ခများ မြင့်တက်လာမှုနှင့်စပ်လျဉ်း၍ လူ့အသိုင်းအဝိုင်းအားလုံးမှ ကျောင်းသားများ၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ရန် ကျောင်းက ကြိုးပမ်းလျက်ရှိကြောင်း ကျွန်ုပ်အနေဖြင့် အာမခံပါသည်။

အဆိုပါ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရနိုင်သည့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းမှ ပြည်သူများအတွက် ထည့်သွင်းစဉ်းစားပေးလျက်ရှိပါသည်။

ပဋိပက္ခများနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသော မိသားစု သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများရှိသည့် ကျောင်းသားများတွင် ဖြစ်စေ၊ ယင်းဒေသနှင့် ဆပ်စပ်နေသည့် ကျောင်းသားများတွင် ဖြစ်စေ စိတ်ခံစားမှု ပြင်းထန်ခြင်းနှင့် သဘောထားအမြင်များ ထုတ်ဖော်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ ကျွန်ုပ်တို့ ဝန်ထမ်းများသည် ထိုအချက်ကို သိရှိထားပြီး ကျောင်းသားများ၏ စိတ်ခံစားချက်များနှင့် တုံ့ပြန်မှုများကို အထူးအလေးထား လျက်ရှိပါသည်။ ယင်းပဋိပက္ခနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ဆွေးနွေးမှု၊ အကြောင်းအရာ သို့မဟုတ် ကျောင်းသား၏ အပြုအမူ မှန်သမျှကို ဂရုတစိုက် မျှမျှတတ ကိုင်တွယ်ဖြေရှင်းရေး သေချာဆောင်ရွက်သွားမည် ဖြစ်သည်။ နှစ်သိမ့်ဆွေးနွေးမှုနှင့် အဆင်ပြေချောမွေ့စေရေး ပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီး စိုးရိမ်သောက ရောက်နေသော သို့မဟုတ် စိတ်ထိခိုက်ခံစားနေရသော ကျောင်းသားများအနေဖြင့် ကျောင်းရှိ အတိုင်ပင်ခံပုဂ္ဂိုလ်များကို ဖြစ်စေ၊ မိမိတို့၏ ဆရာ/ဆရာမများကိုဖြစ်စေ ပြောပြရန် တိုက်တွန်းပါသည်။

သင့်ကလေးတွင် ယခုကာလအတွင်း ဖြစ်ပေါ်နေနိုင်သည့် စိုးရိမ်စိတ်မှန်သမျှနှင့် ပတ်သက်၍ သင့်အနေဖြင့် ၎င်းတို့နှင့် အိမ်တွင် ဆွေးနွေးပြောဆိုကြည့်ရန်နှင့် ကျွန်ုပ်တို့၏ ကျောင်းသည် လူသားအားလုံးအတွက် လေးစားမှုကို အားပေးသည့် ဘေးကင်းလုံခြုံသော နေရာဖြစ်ကြောင်း အသိပေးရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားအားလုံး စိတ်လုံခြုံမှုနှင့် ကောင်းစွာ အထောက်အကူပေးထားကြောင်း သိရှိစေရေး အတူတကွ လုပ်ဆောင်သွားနိုင်ရန်အတွက် သင့်တွင် စိုးရိမ်မှုများ ဖြစ်ပေါ်နေပါက ကျောင်းသို့ဆက်သွယ်ပေးပါ။

စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပါ။ သင် စကားပြောဆိုရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။

ကျွန်ုပ်တို့၏ ကျောင်း၌ အပြုသဘောဆောင်ပြီး လေးစားဖွယ် ပညာသင်ကြားမှု ပတ်ဝန်းကျင်ကို ဖော်ဆောင်ရာတွင် ဆက်လက် အားပေးကူညီမှုအတွက် ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်။

ကျောင်းအုပ်ကြီး အမည်
Name of principal